

ပိုးတလှန်းဝေ
မေ့သည်းညွှာမနိုင်
သူတိုးလို့ယှိုင်
ပန်းချီ ဝဏ္ဏဟန်

မေ့သည်းညှာမခိုင် သူတိုးလို့ယိုင်

******

## (၁)

'ကက'နံပါတ် အငှားကား အပြာလေး ပြည်တွင်းလေဆိပ် အဝင်ဝမှာ တုံ့ခနဲ ရပ်သွားသည်။ ထိုကားပေါ်မှ သွယ်လျ ကျစ်လျစ်သော ကိုယ်လုံး ပိုင်ရှင်လေး လျှပ်တစ်ပြက် ထွက်ကျလာသည်။

နုနယ်သောမျက်နှာလှလှလေးနှင့် ကားပေါ်မှအိတ်ကိုဆွဲပြီး ခပ်ပျာပျာသုတ်သုတ်လေး ဆင်းလာသော ထိုမိန်းကလေးဆီသို့ အနီးအနားရှိသူများရဲ့ အကြည့်တွေ တည့်တည့်မတ်မတ် ရောက်လာသည်။

နောက်ကျနေပြီဆိုသောအသိနှင့် ဟန်သီကိုက လေဆိပ်အဆောက်အအုံထဲသို့ ခပ်သုတ်သုတ် လေးဝင်သည်။ အတွင်းသို့ အရောက်မှာ လူတစ်ယောက်ကို အရှိန်ပြင်းထန်စွာပဲ ဝင်တိုက်လိုက် မိသည်။

"ဟာ..."

"အို..."

အတိုက်ခံရသောသူက အနောက်တိုင်း ဝတ်စုံကို ဝတ်ထားသော ကြံ့ကြံ့ခိုင်ခိုင်၊ ကျစ်ကျစ်လျစ်လျစ်ရှိသော ကိုယ်လုံးကြီးပါ။ မြင့်မားသောအရပ်ရှင်ကို နောက်ကျောကပင် တိုက်လိုက် ခြင်းပါ။

ဟန်သီကိုရဲ့ လက်ထဲမှ အိတ်ကလည်း အရှိန်နှင့် လွင့်စဉ်သွားသည်။ မြင့်မားသော အရပ်ပိုင်ရှင်က ဟန်သီကိုရဲ့ အားနာထိတ်လန့်သွားသော မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်သည်။

လှည့်ကြည့်သော မျက်နှာကလည်း ယောကျ်ားပီသတည်ကြည်ခန့်ညားသော ရုပ်ရည်ဖြစ်သလို အဆင့်အတန်းမြင့်သည့်ပုံကလည်း ပီပြင်နေသည်။

ထူထည်းသော မျက်ခုံးကိုတွန့်၍ ကြည့်နေသော သူ့အကြည့်ထဲမှာ မိန်းကလေးဖြစ်ပါလျက် နမော်နမဲ့နိုင်လိုက်တာဆိုသော စွပ်စွဲချက်တွေ ပါနေသည်။ သူ့အကြည့်ကို မနှစ်မြို့သော်လည်း မိမိရဲ့ အလွန်သာမှု့ ဟန်သီကိုက မျက်နှာချိုသွေးလိုက်ရသည်။

"ဟို .... ဆောရီးနော်"

ခပ်တည်တည် စူးစူးကြီးကြည့်နေသော သူ့နှုတ်ခမ်းတင်းတင်းနှစ်လွှာကြားက ဘာတုံ့ပြန်မှုမျှ မထွက်လာပါ။ မထူမပါး၊ ပြည့်ပြည့်တင်းတင်းရှိနေသော နှုတ်ခမ်းနှစ်လွှာက သူ့ရဲ့မာနကြီးမှု၊ တည်တန့်မှုကို ဖော်ပြနေသည်။

"ရိုင်းလိုက်တဲ့လူ၊ တောင်းပန်တာတောင် ဂရုမစိုက်ဘူး နေပေ့၊ တောင်းပန်ပြီးပြီပဲ၊ ငါ့ဝတ္တရား ကျေပြီ"

ဟန်သီကိုကလည်း မျက်နှာလေးကိုပင့်ပြီး ချိုပစ်လိုက်သည်။ သူမရဲ့ တောင်းပန်စကားကို အသိအမှတ်မပြုသော သူ့ကိုထပ်ပြီး တောင်းပန်မနေတော့ပါ။ လေယာဉ်မီဖို့ကလည်း အရေးကြီး သည်လေ။

တကယ်တော့ ဟန်သီကိုဆန္ဒစောခြင်းပါ။ လေယာဉ်ချိန်က လိုပါသေးသည်။ အချိန်မီသည်ကို သိလိုက်ရတော့ စိတ်သက်သာစွာ ပင့်သက်တစ်ခုကို လျှော့ချလိုက်သည်။ နားလိုက်မှ စိတ်မောလူမော နှင့် ဇောချွေးတွေ ပြန်နေသည်ကို သတိပြုလိုက်မိသည်။ အပေါ်နှုတ်ခမ်းနှင့် နှာခေါင်းကြားမှာ သီးနေသော ချွေးစတွေကိုသုတ်ရန် လက်ကိုင်ပဝါကိုရှာသည်။

"ဟယ် .... ဘယ်နားကျသွားလဲ မသိဘူး"

ပျာယာခတ်ပြီး လက်ကိုင်ပဝါက ဘယ်အနား ကျကျန်ရစ်ခဲ့မှန်းမသိ၊ လွယ်ထားသော စလင်းဘက်ထဲမှာ တစ်ရှူးပေပါကို အပြေးအလွှား ရှာနေသည်။

ငုံ့နေသော မျက်နှာလေး၏ အကြည့်က သူမရဲ့ရှေ့မှာကျလာသော ရှူးဖိနပ်နှင့် ခြေထောက် တစ်စုံကို သတိပြုမိသည်။ ရှေ့တည့်တည့်လာရပ်၍ သူမဆီသို့ လာသည်မှာ ထင်ရှားသည်။

ကြမ်းခင်းပေါ်မှ အကြည့်ကို တဖြည်းဖြည်း မြှင့်တင်လိုက်သည်။ ဟန်သီကိုရဲ့အကြည့်က အလွန်တည်၍ ချောမွေ့နေသော မျက်နှာပေါ်ဝယ် ရပ်တန့်သွားသည်။

“မင်းရဲ့လက်ကိုင်ပဝါ ထင်ပါရဲ့”

ကမ်းပေးနေသော လက်ကိုင်ပဝါလေးဆီသို့ အကြည့်ရောက်သွားသည်။ ဟုတ်ပါသည်။ ဟန်သီကိုရဲ့ လက်ကိုင်ပဝါအဖြူလေးပါပဲ။

“ဟုတ်ပါတယ်”

သူကမ်းပေးနေသော လက်ကိုင်ပဝါကို လှမ်းယူလိုက်သည်။ စောစောက တိုက်မိစဉ်က ကျကျန်ရစ်ခဲ့သည်ပဲ။

“ကျေးဇူးပါပဲ”

ခပ်တည်တည် မျက်ဝန်းအကြည့်နှင့် ကြည့်ပြီး သူက လှည့်ထွက်သွားသည်။

“သူ့အသံက သိပ်ပြီး ဩဇာနဲ့ပြည့်နေလို့ စကားကိုပြောရမှာ နှမြောတယ်ထင်ပါရဲ့”

နှုတ်ခမ်းလေးကို လှုပစွာမဲ့ပြီး ဟန်သီကိုက စိတ်ထဲမှပဲ ရန်တွေ့လိုက်သည်။ ကြီးကျယ် ခမ်းနားသော ထိုသူရဲ့ဟန်ပန်က သူမရဲ့မျက်ဝန်းထဲမှာ ငြိတွယ် ကျန်ရစ်ခဲ့သည်က အမှန်ပါ။

ထိုသူ့နောက်သို့ အကြည့်က ပါသွားရင်း ထိုသူနှင့် အသက်ခြောက်ဆယ်နီးပါး အမျိုးသမီးကြီး တစ်ဦး အတူ စကားပြောနေသည်ကို တွေ့ရသည်။

"သူ့အမေလား၊ အဒေါ်လား မသိဘူး၊ ခရီးစဉ်က ငါနဲ့အတူတူပါလား"

အကြည့်ကို ပြန်ရုပ်သိမ်းပြီး အခြားနေရာများဆီသို့ အာရုံကိုပြောင်းလိုက်သည်။

"တစ်လောကလုံး သူ့ဆန်စားနေတာ ကျနေတာပဲ၊ အဲဒီ လူကလေ တော်တော့်ကို မျက်နှာထား တင်းတင်းပဲ"

စိတ်ထဲမှနေ ကောက်ချက်ချပြီး ပျစ်ပျစ်နှစ်နှစ်ကြီးကို ဝေဖန်လိုက်သည်။ ထိုသူကို နောက်ထပ် မကြည့်မိအောင် ကြိုးစားရင်း တွေးချင်ရာတွေး၊ ငေးချင်ရာ ငေးနေလိုက်သည်။

******

(၂)

ခရီးသွားရန် ဆန္ဒ သိပ်စောနေသော ဟန်သီကိုက လေယာဉ်ပေါ်သို့ တက်ခွင့်ခရသည်နှင့် စောစီးစွာတက်သည်။ ပြတင်းပေါက်အနားတွင် နေရာယူထားလိုက်သည်။

လေယာဉ်ထိုင်ခုံပေါ်မှာ ထိုင်မိခိုက်မှာ သွားချင်လွန်းသောခရီးအတွက် စတင်လိုက်ရပြီ ဆိုသော အသိဖြင့် ရင်မှာ ကြည်နူး လှိုက်ဖြာသွားသည်။ သိပ်ကိုရုန်းထွက်ချင်သော အနှောင်အဖွဲ့ တစ်ခုမှလည်း ရုန်းထွက်ခွင့်ရခဲ့ပြီလေ။

“ငါ သိပ်ကိုငြီးငွေ့နေတဲ့အနှောင်အဖွဲ့က ခဏမဟုတ်ဘဲ ထာဝရရုန်းထွက်ခွင့်ရလိုက်ရင် ဘယ်လောက်ကောင်းမလဲ”

တမ်းတခြင်း ပြင်းပြစွာနှင့် ဟန်သီကိုက တွေးနေသည်။ မျက်လုံးလေးကိုမှေးစင်းထားပြီး ရင်မှာကြည်နူးချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံနေသည်။

သူမရဲ့ ဘေးခုံမှာ တစ်စုံတစ်ယောက် လာထိုင်သည်ဆိုသော အသိကြောင့် လှည့်ကြည့်သည်။

“ဩော် … ဟိုမျက်နှာထားတည်တည်ကြီးနဲ့အတူရှိနေတဲ့ အဒေါ်ကြီးပါလား၊ သူကရော ဒီခရီးစဉ်မှာ လိုက်မပါလာဘူးလား”

ဘာမှမပတ်သက်သော သူ့အကြောင်းကို ဟန်သီကိုက တွေးမိပြန်သည်။ မြင်သာသည့် နေရာတွေကို ဝေ့ဝိုက်ပြီး ကြည့်လိုက်သော်လည်း ထိုသူကိုမတွေ့ပါ။

အကြည့်ကို ပြတင်းပေါက်မှနေတစ်ဆင့် အပြင်ဘက်ဆီသို့ ပို့လိုက်သည်။ လေယာဉ်က ပြေးလမ်းကြောင်းမှာ ရွေ့လျားနေပြီ။ တရိပ်ရိပ် ပြေးနေသော သစ်ပင်တွေကိုကြည့်ရင်း မူးလာသလို ရှိသည်။

ငြိမ့်ခနဲ လေယာဉ်က မြေပြင်ပေါ်မှနေ တဖြည်းဖြည်း ဝေဟင်ထဲသို့

ထိုးတက်သွားပြီ။ ဟန်သီကိုက စောစောက ရင်ထဲမှာ သိမ့်ခနဲဖြစ်သွား၍ မေးစင်းမိသော မျက်ဝန်းကို ပြန်ဖွင့်သည်။

ပြုံးချိုသော အကြည့်တွေနှင့် သူမကို ငဲ့ကြည့်နေသော အဒေါ်ကြီးကိုတွေ့ရ၍ ပြန်၍ ပြုံးပြသည်။

"မိန်းကလေးက မူးတတ်လို့လား"

ကြင်နာမှုအငွေ့အသက်များ ပါနေသောအဒေါ်ကြီးကို ဟန်သီကိုကလည်း ရည်ရည်မွန်မွန်ပင် ပြန်ဖြေပါသည်။

"မူးတော့မမူးပါဘူး၊ ဒါပေမယ့် လေယာဉ် တစ်ခါမှမစီးဖူးတော့ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားလို့ပါ"

"ဟုတ်လား၊ မိန်းကလေးက လေယာဉ် မစီးဖူးဘူးလား"

"ဟုတ်ကဲ့ရှင့်"

ကရုဏာသက်သော မျက်ဝန်းတွေနှင့် အဒေါ်ကြီးက ကြည့်နေသည်။

"အန်တီကတော့ ခရီး ခဏခဏသွားနေတာလေ"

"ဟုတ်လား၊ ခရီးသွားရတာ ဟန်သီလဲ ဝါသနာပါပါတယ်"

"မိန်းကလေးနာမည်က ဟန်သီလား"

"ဟန်သီကိုပါ"

"နာမည်လေးကလဲ လှတယ်၊ လူလေးကလဲ လှတယ်"

ဟန်သီကိုက ရှက်ပြုံးလေးနှင့်ဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ် အန်တီ၊ အန်တီ့နာမည်ရောဟင်"

"ဒေါ်မြနွယ်ပါ၊ ဒါနဲ့ ဟန်သီက မန္တလေးကို သွားမှာလား"

"မဟုတ်ပါဘူး အန်တီ၊ မြစ်ကြီးနားကိုပါ"

"ဟန်ကျပြီ၊ အန်တီနွယ်ကလဲ မြစ်ကြီးနားကိုသွားမှာ"

"ဒါဆို ဟန်သီတော့ အဖော်ရပြီ"

ဟန်သီကို့ ရင်ထဲမှာ ဖော်ရွေသော ခရီးသွားဖော်တစ်ယောက် ရရှိလိုက်သည့်အတွက် ဝမ်းသာသွားသည်။ ရုတ်တရက် မျက်နှာထားတင်းသူသို့ သွားသတိရသည်။ ထိုသူသည် လည်း သည်ခရီးစဉ်မှာ ပါလေသည်လား။

သိချင်သော အဖြေကို ဟန်သီကိုက ရှာပါတော့သည်။ ဒေါ်မြနွယ်ကိုဦးစားပေးသည့် အနေဖြင့် ပြတင်းပေါက်နားထိုင်လိုသည့်ဆန္ဒ ရှိပါသလားလို့ မေးသည်။

"အန်တီနွယ် ပြတင်းပေါက်နားထိုင်ချင်ရင် နေရာရွှေ့လိုက်မယ်လေ"

"ရတယ် ဟန်သီ၊ ဒီမှာပဲ ကောင်းပါတယ်"

"အန်တီနွယ်က ခရီး ခဏခဏသွားတတ်သလားဟင်"

"ခရီးသွားတာ ဝါသနာပါတယ်လေ"

"အဖော်တွေလဲ ပါမှာပေ့ါနော်"

သိချင်သော အမေးကို သွယ်ဝိုက်ပြီး ဟန်သီကိုက မေးသည်။

"ခါတိုင်းတော့ အဖော်ပါပါတယ်၊ တူလေးက လိုက်ပို့တာလဲရှိတယ်၊ ဒီတစ်ခါ တစ်ယောက် တည်း သွားရမလားဆိုပြီး မကျေမနပ်နဲ့ ကျန်ရစ်ခဲ့တယ်၊ တူလေးကလဲ မန္တလေးမှာ အလုပ်ကိစ္စနဲ့ သွားနေရမှာ၊ သုံးလေးလ ကြာမှာမို့ လိုက်မပို့နိုင်ဘူးကွယ့်"

"သြော် .... ဟိုလူကြီးက ကျန်ရစ်ခဲ့တာကိုး"

သိရှိလိုက်ရသော အသိကြောင့် ရင်ထဲမှာ ဟာတာတာကြီး

ဖြစ်သွားသည်။

"ငါ့နှယ်နော် ... ဘာဆိုင်တာလိုက်လို့"

"မောင်ကြဲတိုင်းအောင်က ဒီလိုပဲ အန်တီနွယ့်ကိုဆိုရင် စိတ်မချဘူး၊ အသက်ကြီးပြီ၊ ကျန်းမာရေးကို ဂရုစိုက်ပါနဲ့ အမြဲပဲ၊ အသက်ခြောက်ဆယ်က မကြီးသေးပါဘူးနော် ... ဟန်သီရယ်"

"ဟုတ်ပါတယ်၊ အန်တီနွယ်ကို ကြည့်ရတာ သန်သန်မာမာ သွက်သွက်လက်လက်ပါ"

"ဒါပေမယ့် ခုတလော သွေးခဏခဏ တိုးတိုးနေလို့ သူက စိတ်မချဘူးလေ၊ ခရီးကို တစ်ယောက်တည်း မသွားပါနဲ့ အသက်ကြီးပြီ၊ ခရီးသွားတာလျှော့ပါဆိုပြီး တဂျီဂျီနဲ့ပြောတာ နားကိုငြီးရော"

တူဖြစ်သူကို အပြစ်ဖို့ဟန် စကားတွေ ပြောနေသော်လည်း၊ ဒေါ်မြနွယ်ရဲ့ စကားတွေ ထဲမှာ တူကိုအလွန်ချစ်သော အငွေ့အသက်များ ပါနေသည်။

"အဒေါ်ကို တော်တော် ချစ်ပုံရသားပဲ"

"မိဘ မရှိတော့ဘူးလေ ... ဒီအဒေါ်ရဲ့ လက်ပေါ်မှာပဲ ကြီးခဲ့ရတာ ကိုးကွယ့်"

ဒေါ်မြနွယ်ရဲ့ စကားကြောင့် ဟန်သီကိုရဲ့ ရင်ထဲမှာ ကြဲတိုင်းအောင်အတွက် စိတ်မကောင်း ဖြစ်သွားရပြန်သည်။ ဒေါ်မြနွယ်သည် အိမ်ထောင်နှင့် အမျိုးသမီးကြီးဟု ထင်မိသော်လည်း ဖွင့်မမေးသေးပါ။

"အန်တီနွယ်တို့ တူအရီးနှစ်ယောက်က တစ်အိမ်တည်း အတူနေတယ်၊ တစ်ယောက်နဲ့ တစ်ယောက်လဲ ချစ်ကြတယ်၊ ဒါပေမယ့် တစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို တစ်ယောက် မနှောင့်ယှက်ဘူးလေ၊ သူကလဲ သူ့အလုပ်နဲ့သူ သိပ်အားရှာတာမဟုတ်ဘူး၊ ဒါကြောင့် ဒီခရီးစဉ်ကို သူ့ကိုမလိုက်ခဲ့ဖို့ ထားခဲ့တာပေါ့"

ဟန်သီကိုက မမေးရဘဲနှင့် ဒေါ်မြနွယ်က သူတို့အကြောင်းကို ပြောပြနေသည်။

"အိမ်သားတွေရောများလား"

ဟန်သီကိုက ထပ်မံ၍ သွယ်ဝိုက်စွာ မေးလိုက်ပြန်သည်။ ဒေါ်မြနွယ်က ရယ်လိုက်သည်။

"အိမ်အကြီးကြီးထဲမှာ အန်တီနွယ်နဲ့တူလေးနှစ်ယောက်ပဲ သွေးသားရှိတာ၊ တူတူပုန်းလို့တောင် ရတယ်ကွယ့်၊ အပျိုကြီး လူပျိုကြီးမှာ အဖော်မရှိတော့ အိမ်ကြီးက တိတ်ဆိတ်နေတာပေါ့ကွယ်"

ဟာသလေးနှောပြီး ဒေါ်မြနွယ်က အရွှမ်းဖောက်နေသည်။ ကြံတိုင်းအောင်သည် လူပျို တစ်ယောက်ဆိုတာ ဟန်သီကို သိလိုက်ရပြန်သည်။

"အေးလေ ... လူပျိုကြီး ဖြစ်မှာပေါ့၊ ဒါလောက် မျက်နှာကြော တင်းနေတာ၊ ဘယ်မိန်းကလေးက သူ့ကိုကြိုက်မှာလဲ"

ကြံတိုင်းအောင်ကို စိတ်ထဲမှနေ ဝေဖန်လိုက်သည်။ ဘဝင်မြင့်ပြီး တော်ရုံမိန်းမကိုလည်း လူမထင်သည့် လူစားမျိုးလို့ပင် ထင်သည်။

"ဟော ... ချမ်းမြသာစည် လေဆိပ်ကိုဆိုက်တော့မယ်"

စကား တပြောပြောနှင့် လိုက်ပါလာခဲ့ကြသည်မှာ မန္တလေးမြို့သို့ ရောက်မှန်းမသိ ရောက်ခဲ့သည်။ ခရီးသည်များ အဆင်းအတက်ရှိပြီး လေယာဉ်ကပြန်ထွက်သည်။

"ဒါနဲ့ ဟန်သီက မြစ်ကြီးနားကို ဘယ်သူရှိလို့ သွားမှာလဲ"

"သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ အဲဒီ ကို သွားလည်မလို့ပါ"

"ဪ ... ဟုတ်လား"

“အန်တီနွယ်ကရော”

“အလည်သဘောမျိုးပဲပေါ့ကွယ်”

“တည်းခိုခန်းမှာ တည်းမှာပေါ့နော်”

“ဟုတ်တယ်၊ ဟန်သီရော”

“သူငယ်ချင်း အိမ်ကိုရှာပြီး သွားတည်ရမှာပါ”

“ဟင် … ကြိုတင်အကြောင်းမကြားထားဘူးလား”

“ဟုတ်ကဲ့ … ဒါပေမယ့် သူ့လိပ်စာ ဟန်သီ့ဆီမှာ ရှိပါတယ်”

“မိန်းကလေးရယ် … အကြောင်းမကြားဘဲနဲ့များ တစ်ယောက်တည်း ထွက်လာရတယ်လို့”

လှပနုနယ်သော မိန်းကလေးအတွက် ဒေါ်မြနွယ် ပူပူပန်ပန်လေးပင် ဖြစ်သွားသည်။ ဟန်သီကို က စိုးရိမ်ပူပန်စွာ ပြောနေသော ဒေါ်မြနွယ်ကို ပြုံးပြုံးလေးကြည့်နေသည်။

တောရိပ်၊ တောင်ရိပ်တွေ ဝိုင်းရံ ခြုံလွှမ်းထားသော မြစ်ကြီးနားလေဆိပ်သို့ ရောက်လာပါပြီ၊ ရန်ကုန်လေဆိပ်လိုမဟုတ်။ ရှင်းလင်းနေသောလေဆိပ်အတွင်းသို့ ဟန်သီကိုနှင့် ဒေါ်မြနွယ် ရောက်ကြပါပြီ။

“အန်တီနွယ်နဲ့ ဟန်သီ ဒီကပဲ လမ်းခွဲကြရတော့မယ်”

“မခွဲရသေးပါဘူးကွယ်”

“ရှင် ….”

ပြုံးပြုံးကြီးပြောနေသော ဒေါ်မြနွယ်ကို နားမလည်စွာနှင့် ဟန်သီကိုက ကြည့်နေသည်။

“ဘာပြုလို့လဲ အန်တီနွယ်”

“ဟန်သို့ကို စိတ်မချလို့ပေ့ါကွယ်၊ တည်းမယ့်နေရာကို အန်တီနွယ်ကိုယ်တိုင် လိုက်ပို့ပေးမယ်”

“မဟုတ်တာ အန်တီနွယ်ရယ်”

“ဘာမှငြင်းမနေနဲ့ ဟန်သီ၊ အန်တီနွယ်က စိတ်ကူးပြီးရင် အဲဒီ အတိုင်း လုပ်တတ်တယ်”

ဟန်သီကိုရဲ့ ငြင်းပယ်စကားကို ဒေါ်မြနွယ်က လုံးဝလက်မခံပါ။ ဟန်သီကိုရဲ့ သူငယ်ချင်း လိပ်စာအတိုင်း သွားကြသည်။ မတွေ့ရပါ။ အခြားလူများ ထိုအိမ်တွင်ရောက်နေကြသည်။

“အရင်အိမ်ရှင်တွေ ဘယ်ပြောင်းသွားလဲ တဆိတ်သိပါရစေ”

ဟန်သီကိုက လက်ရှိအိမ်ရှင်များကို မေးသော်လည်း မသိပါဆိုသော အဖြေကိုသာ ရခဲ့သည်။

“ဒုက္ခပါပဲ”

စိတ်ညစ်ညစ်နှင့် ဟန်သီကို ညည်းတွားလိုက်သည်။

သူငယ်ချင်းကို အားကိုးပြီးလာမှ ဒုက္ခအကြီးအကျယ် ရောက်နေသည်။

“နောက်ဆုံးစာရတာ လေးလလောက်ရှိပြီ အန်တီနွယ်ရယ်၊ အဲဒီ တုန်းက ဒီလိပ်စာနဲ့ပဲ သူရေးခဲ့ တာပါ”

“အေးလေ … လေးလဆိုတဲ့ အချိန်အတွင်းမှာ အများကြီး ပြောင်းလဲနိုင်တာပဲ၊ မလာခင် ဆက်သွယ်ဖို့ ကောင်းတာပေ့ါ”

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဟန်သီက အချိန်မပေးနိုင်လို့ စွတ်ထွက်လာတာ”

“ကဲ … ခရီးလဲပန်းလာပြီ၊ အန်တီနွယ် တည်းတဲ့ဆီကို လိုက်ခဲ့၊ အဲဒီ မှာပဲ

တည်းပေ့ါ”

“ဟုတ်ကဲ့ အန်တီနွယ်”

ဒေါ်မြနွယ်တစ်ယောက် အဖော်ပါလာ၍ တော်ပါသေးသည်။ တစ်နယ်တစ်ကျေးမှာ အဖော် မဲ့သော သူမအတွက် အန္တရာယ်ကို ဖိတ်ခေါ်သလို ရှိနေတော့မည်။

ဒေါ်မြနွယ် ခေါ်ဆောင်ရာ နောက်သို့ ဟန်သီကိုက လိုက်ပါလာခဲ့သည်။ ဒေါ်မြနွယ်တည်းခို သော နေရာမှာပင် တည်းလိုက်ရသည်။

ဒေါ်မြနွယ်က ဈေးမြင့်မားသော အခန်းကောင်းကောင်းကို ရွေးနိုင်သော်လည်း ဟန်သီကိုက ဈေးအသက်သာဆုံး အခန်းကို ရွေးလိုက်ရသည်။ တစ်ယောက်ခန်းကျဉ်းကျဉ်းလေးကိုသာ ရွေးရ သည်လေ။

“ဟန်သီအတွက် အန်တီအခန်းကောင်းကောင်း ငှားပေးချင်ပါတယ်”

“မဟုတ်တာ အန်တီနွယ်ရယ်၊ ဟန်သီ့အတွက် ဒီအခန်းက လုံလောက်ပါပြီ၊ ဈေးကြီးကြီးကိုလဲ ဟန်သီ မတတ်နိုင်ပါဘူး”

“ဒါကြောင့် အန်တီနွယ်က ပေးပါရစေလို့ ပြောတာပေ့ါ”

“ကျေးဇူးတင်ပါတယ် အန်တီနွယ်၊ ဟန်သီ လက်မခံပါရစေနဲ့ရှင်”

ဒေါ်မြနွယ်က ဟန်သီကို့ကို စူးစိုက်သောအကြည့်များနှင့် ရှိနေသည်။

“ဘာလဲ၊ သူများဆီက အကူအညီကို မလိုချင်တာလားကွယ်”

“မဟုတ်ပါဘူး အန်တီနွယ်ရယ်၊ ကိုယ့်အိုးနဲ့ကိုယ့်ဆန် တိုင်းထွာပြီးနေတတ်တဲ့ အကျင့်ပါ”

“အဲဒီ အကျင့်လေးက လေးစားစရာတော့အမှန်ပဲ”

ဒေါ်မြနွယ်က ပြုံးပြုံးကြီးနှင့် ဟန်သီကို ကို ကြည့်ပြီး

ကောက်ချက်ချသည်။ အသီးသီး ကိုယ့်အခန်းသို့ ကိုယ် ဝင်ပြီး လမ်းခွဲကြသည်။

******

(၃)

အခန်းထဲရောက်ပြီး ပစ္စည်းများကို နေသားတကျချကာ ဟန်သီကိုက နားသည်။ နားနေရင်း ကနေ ဒေါ်မြနွယ်ရဲ့အကြောင်းများကို တွေးနေသည်။

အန်တီနွယ် သုံးတဲ့ ဝတ်တဲ့ အသုံးအဆောင်တွေက အားလုံး အဖိုးထိုက်တန်တာတွေချည်းပဲ၊ ဒါတွေအားလုံးကလဲ သူ့တူ ဟိုသူဌေးက ထောက်ပံ့တာနေမှာပဲ ...

"ဒီခရီးကို လာတာလဲ အဲဒီ တူရဲ့စရိတ်နဲ့ပဲ နေမှာပဲ ..."

"လူကတော့ အဆင့်အတန်းမြင့်မြင့်နဲ့ ချောပါတယ်၊ ဒါပေမယ့် တစ်လောကလုံးကို သူလုပ်ကျွေးနေတာ ကျနေတာပဲ၊ မျက်နှာထားက တင်းလိုက်တာ ..."

"သိပ်ချမ်းသာပြီး သိပ်ကို ဘဝင်မြင့်နေတဲ့ ပုံစံပဲ၊ ဒါမျိုးဆို ဟန်သီကိုတို့က ဆောရီးပဲ"

တစ်ယောက်တည်း ရန်လိုစွာနှင့် ဟန်သီကိုက တွေးနေသည်။

"နာမည်ကိုကလဲ ကြည့်ဦးလေ၊ ကြံတိုင်းအောင်တဲ့၊ ဘာမဆို ကြံလိုက်တိုင်း အောင်မယ် ပေါ့လေ၊ သူ့ကိုယ်သူ သိပ်ပြီး အထင်ကြီးနေတာ၊ သူ့နာမည်က သက်သေပြနေတာပဲ ..."

"ဒေါ်မြနွယ်ကို ကြည့်ရတာ ဟန်ပန်မရှိဘူး၊ စိတ်ထားမြင့်မြတ်ပုံရတယ်၊ ဒေါ်မြနွယ်ကို ခင်မိသလောက် အဲဒီ လူနဲ့တော့ မျက်နှာချင်း ထပ်မဆိုင်ချင်တော့ပါဘူး"

ကျယ်ပြန့်သွားသော အတွေးစများကို ဟန်သီကိုက ပြန်လည်စုစည်းပြီး ရေမိုးချိုးရန် ပြင်ဆင်သည်။ မြစ်ကြီးနားမြို့ရဲ့ အေးချမ်းသော ရာသီဥတုက ရေချိုးရမှာပင် ကျောချမ်းမိပါသည်။

ရေမချိုးလျှင်လည်း ငြီးစီစီကြီးမို့ ရေချိုးဖို့ ပြင်ဆင်သည်။ ရေချိုးခန်းက အများချိုးရသည့် ရေချိုး ခန်းမို့ အခန်းထဲမှ မျက်နှာသုတ်ပဝါကို ခြုံပြီး ထွက်လာခဲ့သည်။ ရေမိုးချိုးပြီး ထမင်းစားသောက်ရေး အတွက် ဟန်သီကိုက စီစဉ်ရပြန်သည်။ ဒေါ်မြနွယ်ကို ထမင်းထွက်စားရန် အဖော်ညှိလိုလှသော်လည်း သူမအတွက်ပါ ဒေါ်မြနွယ်က အကုန်ခံမှာကို စိုး၍ တစ်ယောက်တည်းပင် တည်းခိုခန်းမှ ထွက်လာ ခဲ့သည်။

စားသောက်ဆိုင်မှာ စားသောက်နေစဉ် ကမ္ဘာလှည့်ခရီးသည် စုံတွဲတစ်တွဲသည် ဆိုင်ထဲသို့ ဝင်လာသည်။ ထိုစုံတွဲနှင့်အတူ ဟန်သီကိုက လုံးဝ မမျှော်လင့်ထားသော တက္ကသိုလ်တုန်းက တစ်တန်းတည်းသား ကျော်လွင်နှင့် ဆုံသည်။

ဟန်သီကိုကို မြင်လိုက်သော ကျော်လွင်က တအံ့တသြ ရှိနေပြီး တိုးရစ်စုံတွဲကို ခွင့်ပန်ကာ ဟန်သီကို အနားဆီကို ရောက်လာသည်။

"ဟန်သီကို တစ်ယောက်တည်းလား၊ မြစ်ကြီးနားကို လာလည်တာလား"

"ဟုတ်တယ်၊ ကိုကျော်လွင်ရော"

"ငါက တိုးရစ်ဂိုက် လုပ်နေတယ်လေ၊ အဲဒီ တိုးရစ်လင်မယားကို လိုက်ပို့တာ"

"ဟုတ်လား ... ဟန်ကျလိုက်တာ၊ ငါ့မှာလဲ အဖော်မရှိဘူး၊ ငါ့ကိုပါရောပြီး ဂိုက်လုပ်လေ"

"ရပါတယ်ဟာ၊ နင့်ကိုဆိုရင် ဂိုက်ခတစ်ပြားမှမယူဘဲ လိုက်ပို့ပေးမယ်"

ကျော်လွင်က ရယ်မောပြီး ပြောသည်။

"ငါတကယ်ပြောနေတာ ကျော်လွင်ရဲ့"

"ငါကလဲ တကယ်ကူညီမှာပါ"

“ဒါဆိုဟန်ကျပြီ၊ မနက်ဖြန်ကစပြီး နင်နဲ့ ငါလိုက်ပြီးလည်မယ်၊ ကိုယ့်စရိတ် ကိုယ်ခံမှာပါ”

“ဒါလောက်များ ရပါတယ်ဟာ၊ ဒါနဲ့ နင်ဘယ်မှာတည်းလဲ”

“တည်းခိုခန်းမှာလေ၊ နင်ရော”

“ငါက တိုးရစ်(စ်)တွေနဲ့လေ၊ ဝိုင်အမ်စီအေ ရိပ်သာမှာ သူတို့တည်းတယ်”

“အဲဒီ က သားနားမှာပေါ့နော်”

“တည်းခိုခန်းထက် သားနားတာပေါ့”

“အေးလေ၊ တိုးရစ်(စ်)တွေ တည်းတဲ့ နေရာကိုး”

“ဒါဆို ငါသွားမယ်၊ မနက်ဖြန် နင့်ကိုလာခေါ်မယ်လေ”

“ဘယ်အချိန်လဲ”

“မနက်ခုနစ်နာရီ၊ ဖြစ်တယ်မဟုတ်လား”

“ဖြစ်ပါတယ်၊ ငါက လိုက်ချင်တဲ့လူပဲ”

“အိုကေ၊ စောင့်နေ”

ကျော်လွင်က နှုတ်ဆက်ပြီး တိုးရစ်(စ်)စုံတွဲဆီသို့ ထွက်သွားသည်။ ဟန်သီကိုက ထမင်းကို လက်စသတ်ပြီး ကျသင့်ငွေကိုရှင်းကာ ဆိုင်ထဲမှထွက်လာခဲ့သည်။

******

ဒေါ်မြနွယ်နှင့် ဆုံမိသည့်အခါတွင် ဒေါ်မြနွယ်က

သူမကိုအပြစ်တင်သည်။

“ဟန်သီက တစ်ယောက်တည်း ထမင်းထွက်စားတာကိုး အန်တီနွယ်နဲ့ အတူစားတာ မဟုတ်ဘူး”

“ရပါတယ် ... အန်တီနွယ်ရယ်”

“နောက်နေ့ကျရင် အန်တီနွယ်နဲ့ အတူစားပါကွယ်၊ အန်တီနွယ့်မှာလဲ အဖော်လိုနေလို့ပါ”

ငွေပိုငွေလျှံသိပ်မရှိသူမို့ သူတစ်ပါးအတွက် အကုန်အကျ မခံနိုင်သလို သူမအတွက်လည်း သူတစ်ပါးကို မကုန်စေချင်ပါ။ ဒေါ်မြနွယ်က လိုလိုလားလားတောင်းဆိုလာတော့ စိတ်မကောင်း ဖြစ်ရပြန်သည်။

“ဘာများ တွေဝေနေတာလဲ ဟန်သီရယ်”

တွေတွေလေးဖြစ်နေသော သူမရဲ့မျက်နှာကို ဒေါ်မြနွယ်က ပြုံး၍ ကြည့်နေသည်။

“ဘာလဲ၊ အန်တီနွယ်နဲ့စားရင် အန်တီနွယ့်အတွက် ကုန်ကျမှာစိုးလို့လား”

သူတစ်ပါးရဲ့ အပေးအကမ်းကို မယူချင်တတ်သည့် ဟန်သီကိုရဲ့ စိတ်နေသဘောထားကို ရိပ်စားမိသော ဒေါ်မြနွယ်က တမင်ပြောလိုက်ခြင်းပါ။

“မဟုတ်ပါဘူး အန်တီနွယ်ရယ်”

“အတူတူစားမယ်လေ၊ ဒါပေမယ့် အမေရိကန်စနစ်ပေါ့၊ ကိုယ့်စရိတ် ကိုယ်ရှင်းကြေးပေါ့၊ ဘယ့်နှယ်လဲ”

ဟန်သီကိုရဲ့ စိတ်ထဲမှာ ဘယ်လို အခက်တွေ့နေသည်ကို ရိပ်စားမိသော ဒေါ်မြနွယ်က ထွက်ပေါက်ပေးသော စကားကို ပြောသည်။

“အဲဒီ လိုဆိုရင် ဟန်သီ အန်တီနွယ်နဲ့ အတူစားနိုင်မယ် မဟုတ်လား”

မိမိရဲ့ အတွင်းစိတ်ကိုများ ထွင်းဖောက် မြင်နေလေသလားလို့ ဒေါ်မြနွယ်ကို ဟန်သီကိုက ထင်လိုက်သည်။ အားတုံ့အားနာကြီးလည်း ဖြစ်သွားသည်။

"ကောင်းပါပြီ၊ ဟန်သီ အန်တီနွယ်နဲ့အတူစားပ့ါမယ်၊ ဟန်သီရဲ့စရိတ်ကိုလဲ ကိုယ့်ဘာသာ ခံပါရစေ"

"ကောင်းပါပြီ ... မာနခဲလေးရယ်"

ဒေါ်မြနွယ်က ရယ်ရယ်မောမောနှင့် ဟန်သီကိုရဲ့ပခုံးကို ပုတ်လိုက်သည်။ နုနယ် သွယ်လျသော မိန်းမချောလေးအပေါ်တွင် ဒေါ်မြနွယ်က ခင်မင်သံယောဇဉ်ငြိနေသည်။

"ဒီနေ့ ဘယ်သွားဦးမှာလဲ ဟန်သီ"

"ဒီနေ့ ဘယ်မှ မသွားတော့ဘူး အန်တီနွယ်၊ မနက်ဖြန်ကျရင် မနက်စောစောကတည်းက လျှောက်လည်မလို့"

"တစ်ယောက်တည်း လည်မယ်ပေ့ါ"

"မဟုတ်ဘူး၊ သူငယ်ချင်း တိုးရစ်(စ်)ဂိုက်နဲ့တွေ့လို့ သူကခေါ်မယ်ဆိုတာနဲ့ အဆင်ပြေသွားပါတယ်"

"ဟန်ကျတာပေ့ါ၊ မနက်ဖြန် ဘယ်ကိုသွားမှာလဲ"

"မြို့ထဲနှံ့အောင်ကြည့်မယ် ပြောတာပဲ"

"ဟန်ကျလိုက်တာ၊ အန်တီနွယ်က ဟန်သီတစ်ယောက်တည်းကို လျှောက်သွားမှာကို စိတ်မချ ဖြစ်နေတာကွယ့်"

သူစိမ်းအမျိုးသမီးတစ်ဦးက မိမိအပေါ်မှာ စိုးရိမ်ပူပန်စိတ် ရှိသည်ကိုသိရပြီး၊ ဟန်သီကိုရဲ့ ရင်မှာ ကြည်နူးရပြန်သည်။ အချစ်ငတ်နေသော ဟန်သီကိုက ဒေါ်မြနွယ်ထံမှ မစို့မပို့ သံယောဇဉ် လေးကြောင့် အတိုင်းမသိ

ပီတိဖြာသွားရသည်သာ။

ဒေါ်မြနွယ်က သူမထံသို့ စူးစိုက်သောအကြည့်များနှင့် ကြည့်နေသည်။ သူမကို လေ့လာသုံးသပ်သော အကြည့်များဆိုတာကို ဟန်သီကို သတိပြုမိသည်။

“အန်တီနွယ့်စိတ်ထဲမှာ ဟန်သီကို သိပ်ထူးခြားနေတယ်”

“ဘာများလဲ ... အန်တီနွယ်”

“မိန်းမပျိုလေးတစ်ယောက်တည်း မရောက်ဖူးတဲ့ဒေသကို လာဝံ့လို့ပေ့ါ”

“အဖော်မရှိတော့လဲ တစ်ယောက်တည်းပေ့ါ ... အန်တီနွယ်ရယ်”

ဟန်သီကိုရဲ့ မျက်ဝန်း နက်နက်လေးထဲတွင် အားငယ်ဝမ်းနည်းရိပ်တွေ ရှိနေသည်လို့ ဒေါ်မြနွယ်က အတပ်သိနေသည်။

“သူငယ်ချင်းတို့ ညီအစ်မတို့ မရှိဘူးလား”

“ရှိတဲ့ သူငယ်ချင်းတွေက မလိုက်နိုင်ဘူး၊ ညီအစ်မဆိုတာတော့ ရှိပါတယ်၊ ဒါပေမယ့် သူတို့က သူတို့စိတ်ဝင်စားမှုနဲ့ သူတို့ပါ အန်တီနွယ်ရယ်”

ဟန်သီကိုရဲ့စကားထဲတွင် ညီအစ်မများ သိပ်ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ရှိပုံမရသည့် အရိပ်အယောင်များကို တွေ့ရှိရသည်။

“ဟန်သီမှာ ညီအစ်မ ဘယ်နှစ်ယောက် ရှိလို့လဲကွယ်”

“အမြွှာညီအစ်မ နှစ်ယောက်ရှိပါတယ် အန်တီနွယ်၊ ဟန်သီ့ထက် လေးနှစ်လောက် ငယ်ပါတယ်”

“ဟုတ်လား၊ အမြွှာလေးတွေဆိုတော့ သိပ်ချစ်စရာ ကောင်းမှာပဲပေ့ါ”

“ဆုမီကိုနဲ့ ယုမီကိုက သိပ်လှကြပါတယ်အန်တီ၊ တီဗွီအမြဲကြည့်တဲ့သူဆိုရင်တော့ သူတို့ နှစ်ယောက်ကို ကောင်းကောင်းသိကြမှာပါ”

“ဘာလဲ၊ ကြော်ငြာမယ်လေးတွေလား”

"ဟုတ်ပါတယ်"

"အေးကွယ် ... အဲဒီ ကလေးမလေးနှစ်ယောက်က တော်တော်ချောတာပဲ"

"ဟန်သီနဲ့ တခြားစီပေါ့နော် ... အန်တီ"

အားငယ်မှုမှ ပေါက်ဖွားလာသည့်စကားပါ။ ဒေါ်မြနွယ်က ဟန်သီကို့ကို စူးစူးလေးကြည့်သည်။

"ဘယ်သူပြောလဲ တခြားစီလို့"

"ဒီလိုပဲ လူတိုင်းက သတ်မှတ်ကြပါတယ်၊ အထူးသဖြင့် မေမေခင်ကပေါ့"

"မေမေခင် ဆိုတာက ..."

"ဆုမီနဲ့ ယုမီရဲ့မေမေ ဒေါ်ခင်မာပေါ့ အန်တီရယ်"

ဒေါ်မြနွယ်က တအံ့တသြ မျက်နှာနှင့် ဟန်သီကို့ကို ကြည့်သည်။

"သူတို့အမေကရော ဟန်သီရဲ့အမေပဲ မဟုတ်လား"

"မဟုတ်ဘူး အန်တီနွယ်၊ မေမေခင်က ဟန်သီရဲ့ မိထွေးပါ"

"ဩော် ... ဟုတ်လား"

ကရုဏာသက်သော အတွေးများ ဒေါ်မြနွယ်မှာ ဝင်လာသည်။ မိထွေးဖြင့်ကြီးပြင်းလာရသော ကလေးတွေရဲ့ခံစားမှုကို ဒေါ်မြနွယ်က နားလည်လိုက်သည်။

"ဆုမီနဲ့ ယုမီက သိပ်လှတာပဲ၊ သူတို့နဲ့ ယှဉ်လိုက်ရင် ဟန်သီက ဒေါင်းနားက ကျီးဖြစ်သွားရတာ ချည်းပါပဲ"

"အဲဒီ ကလေးမလေးတွေကို တီဗွီမှန်သားပေါ်မှာ နေ့တိုင်းလိုလို တွေ့ရတာ ပဲ၊ သူတို့ရဲ့အလှကို လဲ အန်တီနွယ် သိပါတယ်၊ သိပ်ကိုနုနယ်ပြီး

လုပကြပါတယ်၊ ဒါပေမယ့် ဟန်သီရဲ့အလှနဲ့ မတူဘူး”

“ဟန်သီက ဘာမှမလှပါဘူး အန်တီနွယ်ရယ်”

“ဘယ်သူ ပြောလဲ”

“မေမေခင်ကဆို အမြဲနှိုင်းယှဉ်ပြီး ပြောတာပဲ၊ ပြီးတော့ မေမေခင်တို့ အသိုင်းအဝန်း တစ်ခုလုံးကပေ့ါ”

“ဟန်သီရဲ့အလှကို သူတို့ကလွဲရန် ကျန်လူတွေမြင်တတ်တယ်လို့ အန်တီနွယ် လုံးဝ ယုံကြည် တယ်၊ ဟန်သီ့မှာ သိပ်ကို စွဲမက်စရာကောင်းတဲ့ ဆွဲဆောင်မှုတွေ ရှိနေတယ်ကွယ်”

ဒေါ်မြနွယ်သည် သူမကိုသနား၍ အားပေး နှစ်သိမ့်စကား ဆိုလိုက်သည်လို့ ထင်မိပေမယ့် ဟန်သီကိုက ကျေးဇူးတင်လိုက်သည်။

“ခုလို အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီနွယ်ရယ်”

“အားပေးတာမဟုတ်ပါဘူး၊ အမှန်ကို အမှန်အတိုင်း ပြောတာပါကွယ်”

ဒေါ်မြနွယ်က ဟန်သီကိုရဲ့လက်ကလေးတွေကို ကြင်နာစွာ ဆုပ်ကိုင်ပြီး ပြောသည်။

“ဟန်သီရဲ့ အလှကို တော်တော်တုံးတဲ့ ... ညံ့တဲ့လူကသာ သတိမပြုမိမှာပါ”

“အန်တီနွယ်က လူတစ်ဖက်သားကို စိတ်ချမ်းသာအောင် တော်တော် ပြောတတ်တာပဲနော်”

“ဒီကလေးနဲ့တော့ ခက်ပြီ၊ အမှန်အတိုင်း အန်တီနွယ် ပြောတာပါကွယ်”

“ဒါဆို ဟန်သီက ထပ်ပြီး ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ”

ဟန်သီကိုက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၍ မေးနှစ်ခွလေးက ပို၍

နက်နက်ထင်သွားသည်။ မေးကွဲရာလေးက ဟန်သီကိုရဲ့ အလှကို ပို၍
စွက်ဖက်လိုက်မှန်း ဟန်သီကို ကိုယ်တိုင်ပင် မသိလိုက်ပါ။

လူအချို့မှာသာ ရှိတတ်သော မေးနှစ်ခွကို ဟန်သီကို ပိုင်ဆိုင်ထားသည်။ ရယ်လိုက်မှ ပို၍ ထင်ရှားသွားတတ်သည်ကိုလည်း သူများတွေ ပြောပြ၍ သိရသည်။ ဒါပေမယ့် ရယ်လိုက်မိတိုင်းတော့ ထိုသို့ဖြစ်သွားတတ်သည်ကို ဟန်သီကို အမြဲသတိမရဘဲ ရှိနေတတ်သည်။

ဒေါ်မြနွယ်နှင့် စကားများပြောရင်း အချိန်တွေ တဖြည်းဖြည်း ကုန်ခဲ့ပါပြီ။ အိပ်ချိန်မှာ အခန်းသို့ ဝင်ပြီး ဟန်သီကို အိပ်ရာဝင်သည်။ ခုတင်ပေါ်ရောက်နေသော်လည်း ဟန်သီကို အိပ်မပျော်နိုင်သေးပါ။ ခွဲခွာခဲ့ရတာ နှစ်ဆယ့်လေးနာရီပင် မပြည့်သေးသော သူမရဲ့အိမ်ဆီသို့ အတွေးများ ပျံ့လွင့်သွားသည်။

အိမ်ဆီမှနေ အတွေးများက အတိတ်ဆီသို့ တရိပ်ရိပ် ပြေးသွားသည်။

******

# (၄)

တတ်သိနားလည်သော အသိများကို ပိုင်ဆိုင်သည့်အရွယ်မှစပြီး မိထွေးဆိုသူနှင့်သာ ဟန်သီကို ဆုံတွေ့ခဲ့ရသည်။

ဟန်သီကိုအား မွေးဖွားပြီး မိခင်ရင်းက သေဆုံးခဲ့သည်။ ဟန်သီကို နှစ်နှစ်အရွယ်မှာ ဖခင် ဦးကိုကိုက ဒေါ်ခင်မာနှင့် နောက်ထပ် အိမ်ထောင်ထူထောင်သည်။

ဟန်သီကို လေးနှစ်အရွယ်မှာ အမွှာညီမလေး နှစ်ယောက်ကို ဟန်သီကို ရရှိလိုက်သည်။ အမွှာလေးတွေ ကြီးလာသည်နှင့်အမျှ ဟန်သီကို့အပေါ်မှာ ဒေါ်ခင်မာရဲ့ ကြင်နာမှုတွေ နည်းပါးလာသည်။

ဆုမီကိုနှင့် ယုမီကို အမွှာညီအစ်မနှင့်စာလျှင် ဟန်သီကိုသည် အမြဲတမ်း နောက်တန်းမှာသာ။ ဦးစားပေး နေရာကို မရခဲ့သည်မှာ သူတို့ကို မွေးပြီးကတည်းကပင်။

မိခင်က အလိုလိုက်ထားသည်။ ဆုမီကိုနှင့် ယုမီကိုကလည်း ခပ်ကဲကဲပါ။ ဟန်သီကို့အပေါ်တွင် အမြဲနိုင်စားသည်။ နေရာတကာမှာ ဟန်သီကိုကချည်း အလျှော့ပေးခဲ့ရသည်။

ဖခင်ဦးကိုကိုက သမီးကြီးကို သနားသည်။ မိန်းမကိုလည်း မလွန်ဆန်နိုင်ပါ။ သမီးကြီးရဲ့ အလိုကို တတ်အားသမျှတော့ ဖြည့်ဆည်းပေးသည်။

"သမီးကြီးရယ်၊ ညီမလေးတွေက အငယ်ဆိုတော့ ဆိုးကြတာပေါ့၊ သူတို့ကို ခွင့်လွှတ်လိုက်ပါ၊ သမီးကြီး ဘာလိုချင်လဲပြော ဖေဖေ ဝယ်ပေးမယ်"

"ဟန်သီ လိုချင်လွန်းလို့ ဝယ်လာတဲ့ အကျႌစကို သူတို့ဖိုလ်ကျပြီး ယူသွားတယ် ဖေဖေရယ်"

"ထပ်ဝယ်လိုက်နော် ဖေဖေ ပေးမှာပေါ့"

ဖခင်က သမီးကြီးအတွက် စိတ်မကောင်းဖြစ်ပြီး ထပ်ဝယ်ရန် ငွေထုတ်ပေးသည်။ ဟန်သီကို့ စိတ်ထဲမှာ သိပ်လိုချင်၍ ဝယ်လာသော ပိတ်စကို ပေးလိုက်ရပြီး ထပ်ဝယ်ချင်စိတ် မရှိတော့ပါ။ အခြား အဆင်တစ်ခုကို ထပ်ပြီးဝယ်သည်။

သည်လိုနှင့် ဟန်သီကို အနိုင်စားခံခဲ့ရသည်မှာ အကြိမ်ကြိမ် အခါခါပါ။ ဒေါ်ခင်မာက သူမအပေါ်မှာ မျက်နှာထား တင်းမာခြင်း မရှိသော်လည်း လေသံပျော့ပျော့နှင့် အမြဲနိုင်စားခဲ့သည်သာ။

"သမီးကြီးကလဲ ကိုယ့်ညီမလေးတွေကို မချစ်ဘူးလား၊ ကိုယ့်ထက် အငယ်တွေပဲကွယ် အလိုလိုက်လိုက်ပါ၊ သမီးကြီး သဘောကောင်းတာ မေမေခင် သိတာပေါ့"

ဟန်သီကို ဒေါသဖြစ် မရိုင်းပျနိုင်အောင် ဒေါ်ခင်မာက အပျော့ဆွဲ ဆွဲပြီး အမြဲတုတ်နှောင်ခဲ့သည်သာ။

ဟန်သီကို တက္ကသိုလ်သို့ တက်သည့်အခါမှာ ဖခင်ကြီးက ပြည့်ပြည့်စုံစုံ ကျောင်းတက်နိုင်ရေး အတွက် စီစဉ်ပေးသည်။

"သမီးလေး ဘွဲ့ရအောင်ကြိုးစား ဖေဖေ အလုပ်ကောင်းကောင်း ရှာပေးမယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ဟန်သီ ကြိုးစားမှာပါ"

ဘဝတိုးတက်ရေးအတွက် ဟန်သီကို ကြိုးစားပါသည်။ ပညာစုံလျှင် အလုပ်အကိုင် တစ်ခုခုကို လုပ်မည်။ သည်အိမ်နှင့် ဝေးရာကို လွင့်သွားရန်လည်း စိတ်ကူးရှိသည်။

ယုမီကိုူနှင့် ဆုမီကိုတို့ အပြိုင်းအရိုင်း ကြီးလာသည်နှင့်အမျှ သိသိသာသာကြီး လှလာကြ သည်။ ဒေါ်ခင်မာကလည်း သမီးများရဲ့ အလှကို

အမွှန်းတင်သည်။ သူ့ရဲ့သမီးနှစ်ယောက်ကိုသာ ပွဲထုတ်အရေးပေးသည်။

ဟန်သီကိုရဲ့အဖြစ်က တဖြည်းဖြည်း နောက်ကွယ်သို့ ရောက်မှန်းမသိ ရောက်သွားရပြီး မှေးမှိန် သွားသည့်ဘဝပါ။

စီးပွားရေးကိုသာ လုံးပမ်းနေသော ဖခင်ကြီးက အိမ်မှာ ဟန်သီကို ဘာတွေဖြစ်နေသည် ဆိုသော အဖြစ်အပျက်မှန်ကို သိရှိနားလည်ခွင့် မရခဲ့ပါ။

အဖေစိတ်ညစ်မှာစိုးပြီး ဟန်သီကိုကလည်း အဖေကို ဘာမျှမပြော။ ဖြစ်သမျှ အကြောင်းကို ခါးစည်းပြီးခံသည်။
တစ်ယောက်တည်းကြိတ်မှိတ်ခံစားနေရသည်။ တစ်ခါတစ်ရံ သိပ်ပြီး ခံစားချက် ပြင်းထန်လျှင် အချစ်ရဆုံးသူငယ်ချင်းထွေးထွေးထံသို့ ပြေးပြီး ရင်ဖွင့်သည်။

တစ်နေ့မှာ စိတ်ညစ်ညစ်နှင့် ဟန်သီကိုက ထွေးထွေးထံထွက်လာသည်။ စိတ်ထဲမှာလည်း မိထွေးဖြစ်သူကို တော်တော်လေး မကျေမနပ်ဖြစ်နေသည်။ ဟန်သီကိုကို တွေ့သည်နှင့် ထွေးထွေးက မေးသည်။

"မျက်နှာလဲ မကောင်းပါလား ဟန်သီရယ်၊ ဘာတွေ ဖြစ်လာတာလဲ"

"မေမေခင်ပေ့ါဟယ်၊ ထုံးစံအတိုင်းပဲလေ ငါ့ကိုနှိမ်တာပေ့ါ"

"ဘာတွေ ဖြစ်လာတာလဲပြောပါဦးဟယ်"

"လက်ဝတ်လက်စားတွေ ပွဲစားလုပ်တဲ့ ဒေါ်အေးကြီးကို နင် .... သိတယ်မဟုတ်လား"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

"ဒီနေ့ ဖေဖေမရှိတုန်း ဒေါ်အေးကြီး အိမ်ကိုရောက်လာတယ်၊ ထုံးစံအတိုင်းပေ့ါဟယ်၊ လက်ဝတ်လက်စားတွေ လာပြတာ"

"အင်း ... လာပြတော့ ဘာဖြစ်လဲ"

"သူ လာပြတဲ့ ပစ္စည်းတွေထဲမှာ ပတ္တမြား နားကပ်လေးက သိပ်လှတာပဲဟယ်၊ အရည်လဲ ကောင်းတယ်၊ အဲဒါလေးကို ငါသိပ်လိုချင်လို့ မေမေခင်ကို ဝယ်ပေးဖို့ ပြောတယ်"

"ဒါနဲ့ ဝယ်ပေးရောလား"

"ဝေးပါသေးတယ်ဟယ်၊ သူ့ဆင်ခြေက ဖေဖေ အလုပ်အကိုင်မကောင်းလို့ မဝယ်ပါနဲ့ဦးလို့ ငါ့ကို တားတယ်"

"အင်းလေ ... လူကြီးတွေရဲ့ စီးပွားရေးကို နင်မသိလို့ နေမှာပေါ့ဟယ်၊ မပြေလည်ကြဘူး ထင်ပါရဲ့"

ထွေးထွေးကို မျက်နှာလေး ရှုံ့မဲ့စွာနှင့် ဟန်သီကိုက ကြည့်လိုက်သည်။ ထိုမဲ့နေသော မျက်နှာလေးမှာ နာကြည်းရိပ်တွေလည်း ရှိနေသည်။

"တစ်သောင်းခွဲတန်တဲ့ နားကပ်အတွက် မတတ်နိုင်တဲ့ မေမေခင်ဟာ လေးသောင်းတန်တဲ့ နီလာကြိုးကို ဆုမီကိုအတွက် ပက်ခနဲဝယ်ပေးနိုင်တယ်၊ ပြီးတော့ ယုမီကို ကိုလဲ သုံးသောင်းကျော်တန်တဲ့ကြိုး ဝယ်ပေးနိုင်တယ်လေ"

"ဟင် ... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ဟိုမိန်းမနှစ်ယောက်ကလဲ မရရင် ခြေဆောင့်ပြီး စူစူပုပ်ပုပ် လုပ်ကြတယ်လေ၊ သူတို့မျက်နှာကို မေမေခင်က ဘယ်တုန်းကများ အညှိုးခံဖူးလို့လဲ"

"ဟယ် ... အန်တီခင်က မတရားလိုက်တာနော်"

"အေးလေ ... ဘယ်လောက်မတရားလဲဆိုတာ အဲဒါသာကြည့်၊ ဖေဖေရဲ့ သမီးချင်း အတူတူ ငါဟာ အမြဲတမ်းနောက်မှာပဲ၊ ငါ့ဆိုရင်အမြဲနှိမ်တယ်၊ တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်နေတဲ့ ငါ့မှာရော၊ ဝတ်ချင် စားချင်တဲ့စိတ် မရှိရတော့ဘူးလား"

မျက်ရည်ဝဲဝဲနှင့် နာကြည်းဝမ်းနည်းစွာ ဟန်သီကိုက ပြောသည်။ ထွေးထွေး စိတ်မကောင်း ဖြစ်ရသည်။ အနှိမ်ခံမလေး သူငယ်ချင်းအတွက် ထွေးထွေးပါ ရောရောပြီး စိတ်မကောင်းရသည်မှာလည်း အခါခါပင် မဟုတ်လား။

"နင့်အဖေက ဒီကိစ္စတွေကို မသိဘူးလားဟင်"

"မသိပါဘူးဟယ် ... ဖေဖေ့ကိုလဲ ငါက မပူဆာချင်ဘူး၊ ဖေဖေဟာ သိပ်ပင်ပန်းရှာတယ်၊ ငါ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှာကို မလိုလားဘူးလေ"

ဟန်သီကိုကို ကရုဏာသက်သော မျက်ဝန်းတွေနှင့် ထွေးထွေးက ကြည့်နေသည်။

"နင်ဟာ အရွယ်နဲ့မလိုက်အောင် ပြည့်ဝတယ်၊ စိတ်ကောင်းရှိတယ် ဟန်သီရယ်၊ အဲဒီ အကျိုး ကျေးဇူးကို နင် တစ်နေ့ ပြန်ခံစားရမှာပါ"

"အဲဒီ တစ်နေ့ဆိုတာ ဘယ်တော့လဲ ငါ သိချင်လိုက်တာ"

အလွန်စိတ်အားငယ်စွာနှင့် ဟန်သီကိုက တမ်းတမ်းတတ ပြောသည်။ ဟန်သီကို့ကို ကြည့်ပြီး ထွေးထွေးစိတ်ထိခိုက်ရပြန်သည်။

"ကဲပါဟယ် ... စိတ်ညစ်စရာတွေ မေ့ထားလိုက်၊ နင်နဲ့အတူ လက်ဖက်သုပ် မစားရတာ ကြာပြီ၊ စားကြရအောင်လား"

"ငါအချိန်မရဘူး၊ ညစာချက်ရဦးမယ်"

"ချက်ရေး ပြုတ်ရေးကလဲ နင့် တစ်ယောက်တည်းရဲ့တာဝန်ပဲလား ဟန်သီရယ်"

"ငါမချက်လို့ ဘယ်သူက ချက်မှာလဲ"

"ဟိုနှစ်ယောက်ကရော"

"သိပ်ချောသိပ်လှတဲ့ သူတို့ရဲ့အလှတွေ ပျက်မှာစိုးလို့ မေမေခင်က

မခိုင်းတာ နင်သိသားနဲ့”

“အဲဒီ အန့်တီခင်က သိပ်လွန်တာပဲ၊ သူ့သမီးတွေကို အလှထိုင်ကြည့်ချင်လဲ သူကိုယ်တိုင် ချက်ပေ့ါ”

“နေမကောင်းဘူးဆိုတဲ့ ဆင်ခြေက သူ့မှာ အမြဲရှိနေတာပဲလေ”

စိတ်ပျက်အားငယ်သော လေသံတွေနှင့် ဟန်သီကိုက ညှိုးလျှစွာ ရှိနေသည်။

“သူတို့နဲ့ နှိုင်းယှဉ်ရင် ငါက သိပ်ကို အရုပ်ဆိုး အကျည်းတန်နေတာပဲလား ထွေးထွေးရယ်”

“အမယ်လေး ဟန်သီရယ်၊ နင့်ရုပ်က အကျည်းတန်ရင်လေ င့ါလိုလူမျိုးက လဲသေလိုက်ရုံပဲ ရှိတော့တယ်”

ရွက်ကြမ်းရေကျိုသာ လှသော ထွေးထွေးက ရင်ဘတ်လက်ဝါးနှင့် ဖျန်းခနဲရိုက်ပြီး ပြောသည်။

“နင့်ကိုယ်နင် သိပ်လှတယ်ဆိုတာ တကယ်မသိဘူးလား ဟန်သီရယ်”

“ဆုမီတို့နဲ့ ယှဉ်ရင် ငါက ဒေါင်းအလယ်က ကျီးပါဟယ်”

“သွားစမ်းပါ၊ သူတို့ကရှိတဲ့အလှကို ပေါ်လွင်အောင် ပြင်ဆင်မွမ်းမံလို့ပါဟ၊ နင်လဲ သူတို့လို ဝတ်စား ပြင်ဆင်လိုက်ရင် သိပ်လှသွားမှာပေ့ါ”

“မေမေခင့်ကို ငါ သိပ်အံ့ဩတယ် ထွေးထွေးရယ်၊ ငါဟာ အမေတစ်ယောက်လို သူ့ကို ချစ်သလောက် သူက င့ါကို ဘာလို့ မေတ္တာမထားနိုင်တာလဲ၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ် ဆိုတာ င့ါအတွက်မဟုတ်ဘူး … သိလား”

“နင့်လို လိမ်မာရေးခြားရှိတဲ့ သမီးရဲ့တန်ဖိုးကို

သူနားမလည်နိုင်ရှာဘူးနော်”

“ကြမ်းကြမ်းတမ်းတမ်း ငါ့အပေါ်မှာ မပြောဆိုပေမယ့် သူ့ရဲ့ပြောဆိုဆက်ဆံပုံတွေက တစ်ခါတလေကျ၊ ပျော့ပျော့လေး ဖြစ်ပေမယ့်၊ ငါ့ကို ကြိမ်လုံးပါးပါးကို ရေစိမ်ပြီး ရိုက်ခဲ့သလို၊ စိမ့်နေအောင် နာကျင်တာတော့အမှန်ပဲ”

ချစ်သူငယ်ချင်းအတွက် ထွေးထွေးက ခံပြင်းစွာနှင့် ရှိနေသည်။ တတ်အားသမျှတော့ ဟန်သီကို ဖြေနိုင်အောင် သူ ချွေးသိပ်ပေးသည်။

“နင်ဘွဲ့ရပြီး အလုပ်ထဲဝင်ရင် နင့်ဘဝအတွက် ကိုယ့်ဘာသာ ရပ်တည်နိုင်ပြီပဲ အဲဒီ အခါကျရင် သူ့ရဲ့လက်အောက်က နင်လွတ်တော့မှာပါ”

“အေးလေ ... အဲဒီ အချိန်အတွက်၊ မျှော်လင့်ချက်တွေနဲ့ ငါအသက်ရှင်နေတာပဲ ထွေးထွေးရယ်”

“အဲဒီ အချိန်ကာလက မကြာခင် နင့်ဆီ ရောက်လာတော့မှာပါ”

“ဟုတ်တယ်နော်”

“ဘယ်တော့မှ စိတ်အား မငယ်ပါနဲ့ဟာ၊ စိတ်အားငယ်တာဟာ ဘဝကိုအရှုံးပေးခြင်း တစ်မျိုးပဲ”

“စကားပြော ကောင်းနေတာနဲ့၊ ထမင်း ချက်ဖို့ နောက်ကျတော့မယ်၊ ငါပြန်မယ် ထွေးထွေး”

လေးငါးအိမ်သာ ခြားနေသော ထွေးထွေးရဲ့ အိမ်မှနေပြန်ခဲ့သည်။ အိမ်ပြန်ရောက်ပြီး မီးဖိုထဲသို့ တန်းဝင်ရသည်။ ညစာအတွက် ဟန်သီကို ချက်ရပြုတ်ရပြန်သည်။

ခရီးထွက်သွားသောဖခင် သည်ညမှာ ပြန်ရောက်လေမလားလို့ မျှော်လင့်ပြီး ဖခင်ကြိုက်တတ် သော ဟင်းလျာတွေကို ရွေးပြီးချက်ထားသည်။

******